အမျိုးသမီးများအဖွဲ့ချုပ် [မြန်မာနိုင်ငံ]
Women's League of Burma

မြန်မာနိုင်ငံ ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏(၆၁)နှစ်မြောက်မွေးနေ့အထိမ်းအမှတ်ထုတ်ပြန်ကြေညာချက်
အမျိုးသမီးများအဖွဲ့ချုပ်(မြန်မာနိုင်ငံ) ၂၀၀၆ ခုနှစ်၊ ဇွန်လ(၁၉)ရက်

မြန်မာနိုင်ငံ ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏(၆၁)နှစ်ပြည့်မွေးနေ့အခါသမယဖြစ်သော ယနေ့ ၂၀၀၆ ခု၊ ဇွန်လ(၁၉)ရက်နေ့တွင် ပြည်တွင်းပြည်ပနိုင်ငံရေးအင်အားစုများ၊ ခေါင်းဆောင်များနှင့် နိုင်ငံတကာ အသိုင်းအဝိုင်းမှ ပြန်လှတ်ပေးရန် အတန်တန် တိုက်တွန်းနေသည့်ကြားမှ အကြောင်းပြချက် တစုံတရာမရှိပဲ ဒေါ်အောင်ဆန်းစုကြည်ကို နေအိမ်အကျယ်ချုပ် တနှစ်ထပ်မံတိုးမြှင့်လိုက်ခြင်းအပေါ် လွန်စွာဝမ်းနည်းမိပါကြောင်းနှင့် ဒေါ်အောင်ဆန်းစုကြည်၏ ဒီမိုကရေစီရေးအတွက် ဦးဆောင်တိုက်ပွဲဝင်နေမှုအပေါ် အမျိုးသမီးများအဖွဲ့ချုပ်အနေဖြင့် အပြည့်အဝထောက်ခံဂုဏ်ပြုပါကြောင်း ထုတ်ဖော်ပြောကြားလိုပါသည်။ နအဖစစ်အစိုးရ၏ ဖိနှိပ်ချုပ်နှောင်မှုများမှ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် အမြန်ဆုံး ပြန်လည်လွတ်မြောက်ပါစေကြောင်းကိုလည်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဒေါ်အောင်ဆန်းစုကြည်၏ ရဲရင့်ပြတ်သားမှုနှင့် စွန့်လွှတ်အနစ်နာခံမှုတို့သည် မြန်မာပြည်သူတရပ်လုံးအတွက် အားအင်ဖြစ်သကဲ့သို့ နိုင်ငံတကာမှလည်း ကမ္ဘာ့ဩဇာမြင့်မားရေးနိုဗယ်လ်ဆုရှင်ဒေါ်အောင်ဆန်းကြည်အပေါ် လေးစားအသိအမှတ်ပြုခြင်းနှင့်အတူ ကမ္ဘာ့ကုလသမဂ္ဂ၏ နောက်လာမည့် အထွေထွေအတွင်းရေးမှူးတာဝန်ယူရန်ပင် နာမည်စာရင်းတင်သွင်းခံထားရပါသည်။

လက်ရှိမြန်မာနိုင်ငံသည် ဒီမိုကရေစီစနစ်ကို တည်ဆောက်နိုင်မည့် နိုင်ငံရေးအပြောင်းအလဲမရှိဘဲ စစ်အစိုးရ၏ အစဉ်တစိုက် သဘောထားတင်းမာနေမှုများကြောင့် စီးပွားရေး၊ လူမှုရေး၊ အဖက်ဖက်မှ ယိုယွင်းပျက်စီးလျက်ရှိသည်။ လတ်တလော အခြေအနေများကိုကြည့်လျှင်ပင် စစ်အစိုးရသည် တဖက်မှ အပစ်အခတ်ရပ်စဲရေးကို အကြောင်းပြနေသော်လည်း ကရင်နယ်မြေတွင် စစ်ဆင်ရေးကို တဟုန်ထိုးဆင်နွှဲနေပြီး ကရင်လူထုမှာ ဒုက္ခများစွာရင်ဆိုင်နေရခြင်း၊ ဒေါ်အောင်ဆန်းစုကြည်ခေါင်းဆောင်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို စနစ်တကျဖြိုခွဲနေခြင်း၊ တိုင်းရင်းသားခေါင်းဆောင်များကို ဖမ်းဆီးထောင်ချနေခြင်း စသည်ဖြင့် တစထက်တစ တနိုင်ငံလုံး လုံခြုံအေးချမ်းမှု ပိုမိုဆိုးရွားစွာ ကင်းမဲ့လာခြင်းသည် နိုင်ငံ၏အနာဂတ်အတွက် လွန်စွာစိုးရိမ်ဖွယ်ရာဖြစ်လာသည်ဟု အမျိုးသမီးများ အဖွဲ့ချုပ် (မြန်မာနိုင်ငံ)မှ ယုံကြည်ပါသည်။

အမျိုးသမီးများအဖွဲ့ချုပ်(မြန်မာနိုင်ငံ)သည် ဒေါ်အောင်ဆန်းစုကြည်၏(၆၁)နှစ်ပြည့်မွေးနေ့ဖြစ်သော ဤနေ့အခါသမယတွင် မြန်မာနိုင်ငံသူ အမျိုးသမီးထုသို့ မေတ္တာရပ်ခံချက်ထုတ်ပြန်ထားပါသည်။ ထိုမေတ္တာရပ်ခံထုတ်ပြန်ချက်တွင် ဇွန်လ(၁၉)ရက်နေ့၌ ဒေါ်အောင်ဆန်းစုကြည်၏ ဒီမိုကရေစီရေး ဦးဆောင်မှုကို ထောက်ခံကြောင်းပြသသည့်အနေဖြင့် အိမ်အပြင်မထွက်ကြရန်နှင့် မလွဲမရှောင်သာ အိမ်အပြင်ထွက်ရန် အကြောင်းကိစ္စများ ပေါ်ပေါက်ခဲ့ပါကလည်း အဝါရောင်သင်္ကေတကို အသုံးပြုသည့်နည်းဖြင့် မိမိတို့၏ ဒီမိုကရေစီရေးနှင့် ငြိမ်းချမ်းရေးအပေါ် ရပ်တည်သည့်သဘောထားများကို ပြသကြပါရန် တိုက်တွန်းနှိုးဆော်ထားပါသည်။ ဤ(၁၉)ရက်နေ့မှစ၍ ဒေါ်အောင်ဆန်းစုကြည်အကျယ်ချုပ်မှ ပြန်လည်လွတ်မြောက်ကာ ဒီမိုကရေစီတိုက်ပွဲအောင်မြင်ပြီးဆုံးသည်အထိ မိမိတို့၏နိုင်ငံရေးအရ ဆန္ဒသဘောထားကို ထုတ်ဖော်ပြသရန်လိုအပ်သည့်အချိန်တိုင်း အဝါရောင်သင်္ကေတကို အသုံးပြု၍ စိတ်နှလုံးချင်း ဆက်သွယ်အားပေးကြရန်လည်း မေတ္တာရပ်ခံထားပါသည်။ လူဦးရေထက်ဝက်ကျော်ရှိသည့် မြန်မာနိုင်ငံအမျိုးသမီးထုအနေဖြင့် မိမိတို့၏ နိုင်ငံရေးရပ်တည်မှုများကို တတ်နိုင်သမျှသော နည်းလမ်းများဖြင့် ထုတ်ဖော်ပြသနိုင်ပါက အင်အားကြီးမားလှသော လူထုအာဏာကို အမြန်ဆုံးပြန်လည်တည်ဆောက်နိုင်မည်ဟု အမျိုးသမီးများအဖွဲ့ချုပ်က ယုံကြည်ပါသည်။ ဘက်ပေါင်းစုံဖိနှိပ်ခြင်းခံနေရသော ပြည်သူလူထုအနေဖြင့် ယခုကဲ့သို့ မိမိတို့ကိုယ်ပိုင်စိတ်စွမ်းရည်များကို အသုံးပြုလျက် ဆန္ဒသဘောထားထုတ်ဖော်ခြင်း၊ ဒေါ်အောင်ဆန်းစုကြည်အတွက် ဆုတောင်းမေတ္တာပို့သမှုများ ပြုလုပ်ခြင်းသည် မိမိတို့၏ လူသားစွမ်းရည်များကို ပြန်လည်မြှင့်တင်နိုင်ခြင်းလည်းဖြစ်ပြီး လူထုသဘောထားဖော်ထုတ်ရာ၌လည်း အခြေခံကျသော လှုပ်ရှားဆောင်ရွက်မှုကြီးဖြစ်ပါသည်။

နအဖ စစ်အစိုးရအား ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသားများအား ချွင်းချက်မရှိလွှတ်ပေးရေး၊ တိုင်းရင်းသားဒေသများ၌ ထိုးစစ်ဆင်နေမှုများအား အမြန်ဆုံးရပ်ဆိုင်းပေးရေး၊ စေတနာမှန်သည့် နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးပွဲများ ချက်ချင်းစတင်ဆောင်ရွက်ရေးတို့ အမြန်ဆုံးပြုလုပ်ပါရန် ဒေါ်အောင်ဆန်းစုကြည်၏(၆၁)နှစ်မြောက်မွေးနေ့တွင် အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)မှ တိုက်တွန်းတောင်းဆိုအပ်ပါသည်။

အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)သည် 'အမျိုးသမီးများ၏ နိုင်ငံရေးဦးဆောင်မှုကိုမြှင့်တင်ကြ'ဟူသောယုံကြည်ချက်နှင့်အတူ နအဖစစ်အုပ်စု၏ ဖိနှိပ်မှုအောက်တွင် ရဲရဲ့ပြတ်သားစွာ ဦးဆောင်တိုက်ပွဲဝင်နေသည့် ဒေါ်အောင်ဆန်းစုကြည်၏ ဦးဆောင်မှုအပေါ် အလေးအနက် ဂုဏ်ပြုအပ်ပါသည်။ ဒေါ်အောင်ဆန်းစုကြည်အား ဝန်းရံလျက် စစ်မှန်သော ဒီမိုကရေစီစနစ်ဆီသို့ အရောက်လှမ်းချီတက်သွားမည်ဖြစ်ကြောင်း ဤနေ့ရက် အခါသမယ၌ လေးနက်စွာ ထုတ်ပြန်ကြေညာအပ်ပါသည်။

အမျိုးသမီးများအဖွဲ့ချုပ်(မြန်မာနိုင်ငံ)

ဆက်သွယ်ရန် – **နန်းယဉ်**(အထွေထွေအတွင်းရေးမှူး) ဖုန်း – ၆၆ ၁ ၈၅၈၄၆၈
လွေးအေးနန်း(တွဲဖက်အထွေထွေအတွင်းရေးမှူး – ၁) ဖုန်း – ၆၆ ၉ ၄၄၂၈၄၁
နော်စန္ဒာဝိုင်း(တွဲဖက်အထွေထွေအတွင်းရေးမှူး – ၂) ဖုန်း – ၆၆ ၉ ၈၅၁၉၁၀